# မြန်မာ့အမျိုးသမီးသမဂ္ဂ

ဇန်နဝါရီလ ၂၀၂၆ ခုနှစ်


## “၂၀၂၅ ခုနှစ် အတွင်း အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှု အသုံးပြုပြီး အမျိုးသမီး “၇၉၂” ဦး အား သတ်ဖြတ်ခဲ့သည်။”



| | |
|---|---|
| သတ်ဖြတ်ခံရသူ | ၇၉၂ ဦး |
| ဒဏ်ရာရရှိသူ | ၈၁၅ ဦး |

တရားမဝင် အကြမ်းဖက် စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုသည် (၅) နှစ် နီးပါးရှိတော့မည် ဖြစ်သည်။ အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း နေ့စဉ် နှင့်အမျှ အသက်ဆုံးရှုံး နေရသည်။၂၀၂၅ ခုနှစ် တစ်နှစ်တာအတွင်း အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှုများကြောင့် အမျိုးသမီး (၇၉၂) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်း အချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်းတင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့ အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။


### ၂၀၂၅ ခုနှစ် လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီး အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုဖြစ်စဉ်

၂၀၂၅ ခုနှစ်အတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး ဖြစ်စဉ်မှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် မြောက်ဦးမြို့နယ်၊ ရမ်းချောင်းအနီးတဝိုက်အား အကြမ်းဖက် စစ်တပ်မှ ဗုံးကြဲတိုက်ခိုက်သည့် ဖြစ်စဉ် ဖြစ်သည်။ ထို ဖြစ်စဉ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများတွင် အမျိုးသမီး (၂၁) ဦး ပါဝင်သည်။



# အမျိုးသမီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်

## အမျိုးသမီးသေဆုံးသူ အရေအတွက်




မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီ (၁) ရက်နေ့မှ ဒီဇင်ဘာ (၃၁) ရက်နေ့အတွင်း နိုင်ငံတဝှမ်း အမျိုးသမီး (၇၉၂) ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၆၂၁) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၁၀၂) ဦး၊ မတရား သတ်ဖြတ်ခံရမှုကြောင့် (၃၉) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁၃)ဦး၊ မီးရှို့သတ်ဖြတ်ခံရမှုကြောင့် (၆) ဦး၊ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုကြောင့် (၅) ဦး၊ ထောင်တွင်း ဆေးဝါးကုသခွင့် မရရှိမှုကြောင့် (၃) ဦးနှင့် ကျည်ထိမှန်မှုကြောင့် (၃) ဦး တို့ဖြစ်ကြသည်။


### သေဆုံးသူ အသက် [၁၈] နှစ်အောက် အမျိုးသမီးငယ်များ အရေအတွက်




### သေဆုံးသူများထဲမှ ကိုယ်ဝန်ဆောင် အမျိုးသမီးများ အရေအတွက်





## အမျိုးသမီး ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်




အမျိုးသမီး (၈၁၅) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အကြောင်းအရင်းများမှာ လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် (၅၇၆) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၁၆၄) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၄၁) ဦး၊ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကြောင့် (၂၆) ဦး၊ ညှင်းပန်း နှိပ်စက်ခံရမှုကြောင့် (၅) ဦး၊ ကျည်ထိမှန်မှုကြောင့် (၂) ဦးနှင့် မတရား သတ်ဖြတ်ခံရ မှုကြောင့် (၁) ဦးတို့ ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၅ ခုနှစ်တွင် အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများ ဦးရေသည် စစ်ကိုင်းတိုင်းမှ (၂၁၇) ဦး၊ မန္တလေးတိုင်းမှ (၁၂၃) ဦး၊ ရခိုင်ပြည်နယ်မှ (၁၁၉) ဦး၊ ရှမ်းပြည်နယ်မှ (၈၁) ဦး၊ မကွေးတိုင်းမှ (၆၉) ဦးတို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် ၂၀၂၅ ခုနှစ် တစ်နှစ်တာအတွင်း အမျိုးသမီး သေဆုံးမှု အများဆုံး တိုင်း ဖြစ်သည်။

# အရေးပေါ် လုပ်ဆောင်ရန် တိုက်တွန်းချက်များ

ပြစ်ဒဏ်မှ အလုံးစုံ ကင်းလွတ်ခွင့်ရနေသည်ကို အဆုံးသတ်နိုင်ရန်နှင့် ရှင်သန်လွတ်မြောက်လာသူများ အတွက် တရားမျှတမှုနှင့် ကုစားမှုများ အာမခံချက်ပေးခြင်းဖြင့် ဆိုးရွားလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အမြန်ဆုံးရပ်တန့်ရန် မြန်မာ့အမျိုးသမီးသမဂ္ဂမှ အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းသို့တောင်းဆို တိုက်တွန်းပါသည်။ အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက်မှုများ အဆုံးသတ်နိုင်ရန်အတွက် အားကောင်းပြီး တိကျသေချာသော အကူအညီနှင့် လက်တွေ့လုပ်ဆောင်ချက်များကို မြန်မာပြည်သူများ အရေးတကြီးလိုအပ်လျက်ရှိသည်။

- အကြမ်းဖက်စစ်အုပ်စု၏ အတုအယောင်ရွေးကောက်ပွဲကို ကန့်ကွက်ရှုတ်ချပြီး ရာဇဝတ်မှုကျူးလွန်သော ၎င်းတို့အား တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုရန်နှင့် အကြမ်းဖက်စစ်အုပ်စုထံသို့ ငွေကြေးစီးဆင်းမှုကို ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့ကူညီမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု မှန်သမျှအား ချက်ချင်း ရုတ်သိမ်း ရပ်ဆိုင်းရန်။

- အကြမ်းဖက်စစ်အုပ်စုထံ လက်နက်ခဲယမ်းများနှင့် လေယာဉ်ဆီများ မရောက်ရှိစေရန် တိကျစွာ ဒဏ်ခတ် အရေးယူပိတ်ဆို့မှုများ ပြဋ္ဌာန်းကျင့်သုံးပြီး အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက် နေသည့် ရက်စက်ကြမ်းကြုတ်မှုမှန်သမျှ ရပ်တန့်ရန် ဖိအားပေး တိုးမြှင့်လုပ်ဆောင်ရန်။

- ပြစ်ဒဏ်မှ အလုံးစုံကင်းလွတ်နေမှုကို အဆုံးသတ်နိုင်ရန်အတွက် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများဖြင့် ပြစ်မှုကျူးလွန်သူ အကြမ်းဖက် စစ်အုပ်စုခေါင်းဆောင်များကို အာဂျင်တီးနား၏ ဖမ်းဝရမ်းထုတ်ပြန်မှုအား အာဆီယံနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းများက ပံ့ပိုးကူညီ၍ ပူးပေါင်း ဆောင်ရွက်ရန်။

- တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ကြားကာလအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ LGBTQIA+ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဒေသတွင်းနိုင်ငံနှင့် နိုင်ငံတကာပလက်ဖောင်းများမှ တစ်ဆင့် စည်းရုံးရေးများလုပ်ဆောင်ရန်။

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org